# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 1, 2024 — Volume 81, Number 1


| ၁.၈.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၀၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃

၀၁-၃၇၆၄၁၆

၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ၆ လအတွင်း နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၃၅၀ ကျော်ဝင်ရောက်ဆိုက်ကပ်ခဲ့




ယခုနှစ်၏ ခြောက်လတာကာလအတွင်း ပြည်တွင်းသို့ နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၃၅၉ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး ဩဂုတ်လတွင် ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ပြည်တွင်းသို့ လာမည့်ဩဂုတ်လတွင် သင်္ဘောလိုင်း ၁၄ လိုင်းတို့မှ နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်သည်။

ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင်လည်း ၅၀ စင်း၊ မေလတွင် ၅၂ စင်း၊ ဇွန်လတွင် ၅၀ စင်း၊ ဇူလိုင်လတွင် ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင်ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန် ဝင်ရောက်ဆိုက်ကပ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၆၄၇ စင်း ဝင်ရောက်ခဲ့သည်။

ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက်လည်းကောင်း ကုန်သေတ္တာသင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိကြောင်း သိရသည်။

**Source: Popular News Journal**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်း



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွများ ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငရုတ်ပွသီးများ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရှမ်းပြည်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို ငရုတ်ပွတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ စားသုံးသူများလာ တာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိတစ်နေ့တာ ရောင်းအားအနေနဲ့ ပိဿာချိန် ၂၀၀ နဲ့အထက်မှာရှိနေပါတယ်။ ပြီးခဲ့တဲ့လက ရောင်းအားကျတော့လဲ တစ်ရက်ကို ပိဿာချိန် ၁၀၀ လောက်ပဲရှိခဲ့တာပါ။ လက်ရှိ ငရုတ်ပွသီး ဈေးအနေနဲ့က ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၄၅၀,၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ရှမ်းပြည်နယ်ဘက်ကဝင်ရောက်လာတဲ့ ငရုတ်ပွသီးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ငရုတ်ပွအပြင် လက်ဖက်ခြောက်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူ၊ ချင်း စသည့်ကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ ငရုတ်ပွများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်း မအူပင်မြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်လနှင့် ယခုလနှိုင်းယှဉ်မှုအခြေအနေ

ဇူလိုင်လအတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူ၊ မြေပဲလုံးဆန်ဖြူ၊ မြေပဲလုံးဆန်နီ ဈေးနှုန်းများမြင့်တက်နေကြောင်းသိရသည်။ ဇူလိုင်လအတွင်း နှမ်းညိုတစ်တင်း ၁၁၀,၀၀၀- ၁၁၃,၀၀၀ကျပ်၊ နှမ်းနက် တစ်တင်း ၁၂၅,၀၀၀- ၁၆၅,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၂၅,၀၀၀- ၁၃၅,၀၀၀ကျပ်ဖြစ်ကာ ယခင်လ ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၁၀၀,၀၀၀-၁၀၅,၀၀၀ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၂၀,၀၀၀-၁၂၈,၀၀၀ကျပ်၊ နှမ်းနက်တစ်တင်း ၁၂၅,၀၀၀- ၁၄၅,၀၀၀ကျပ်ရှိ၍ ယခုလနှင့်ယခင်လအတွင်း ကာလတူနှိုင်းယှဉ်ပါက နှမ်းညို တစ်တင်း ၈၀၀၀ ကျပ်ခန့်၊ နှမ်းနက် တစ်တင်း ၂၀,၀၀၀ ကျပ်ခန့်နှင့် နှမ်းဖြူ တစ်တင်း ၇၀၀၀ ကျပ်ခန့် နှုန်း မြင့်တက်နေကြောင်းသိရသည်။

ဇူလိုင်လအတွင်း မြေပဲလုံးဆန်ပေါက်စျေးနှုန်းနှင့် ဆီစျေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၈၄၀၀-၈၅၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၈၈၀၀-၉၀၀၀ ကျပ်ရှိပြီး ယခင်လကာလတူ ပေါက်စျေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၇၃၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၇၇၀၀ ကျပ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ၁၂၀၀ ကျပ်ခန့်နှင့် မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၁၃၀၀ ကျပ်ခန့် မြင့်တက်နေကြောင်းသိရသည်။ ယခုလအတွင်း ပဲဆီတစ်ပိဿာ ၁၆,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၄၅၀၀ ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၄၂၅၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၃၀၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၀၇၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**Source:** https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် ဗီယက်နမ်ပုစွန်တင်ပို့မှု မြင့်တက်လာသော်လည်း ယှဉ်ပြိုင်မှုများ ဆက်လက်ရင်ဆိုင်ရနိုင်

ယခုနှစ်၏ ပထမနှစ်ဝက်တွင် ဗီယက်နမ်ပုစွန်တင်ပို့မှု မြင့်တက်လာသော်လည်း စျေးကွက်သည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ၏ ယှဉ်ပြိုင်မှုကို ရင်ဆိုင်နေရကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း(VASEP)၏ အဆိုအရ ယခုနှစ် ပထမ ၆ လတွင် ပုစွန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် ကာလတူထက် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ ဇွန်လတစ်လတည်းတွင် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၄ သန်းရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ကာလတူထက် ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ၆ လတာ ကာလတွင် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့သည် ဗီယက်နမ်ပုစွန်၏တင်ပို့သည့် အကြီးမားဆုံးစျေးကွက်ဖြစ်ပြီး အဆိုပါကာလတွင် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၈ သန်းရှိခဲ့ကြောင်းနှင့် လွန်ခဲ့သည့်နှစ်ကာလတူထက် ၁၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ ကျန်နှစ်ဝက်ကာလတွင် အဆိုပါ စျေးကွက်သို့ ပုစွန်တင်ပို့မှုသည် အထူးသဖြင့် black tiger ပုစွန်နှင့် white leg ပုစွန်တင်ပို့မှုစျေးနှုန်းတွင် ဖိအားအောက် ကျရောက်နေကြောင်းသိရသည်။ အမေရိကန်နိုင်ငံ၏ အကောက်ခွန်နှုန်းထားမြင့်တင်မှုကြောင့် တရုတ်နိုင်ငံသို့ ပုစွန်တင်ပို့မှုမြင့်တင်ရန် ကြိုးပမ်းလာကြမည့် အီကွေဒေါ၊ အိန္ဒိယနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများကြောင့် ဗီယက်နမ်နိုင်ငံသည် ယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်းသိရသည်။ ဗီယက်နမ်ပုစွန်၏ ဒုတိယအကြီးမားဆုံးစျေးကွက်မှာ အမေရိကန်ဖြစ်သည်။ ယခုနှစ် ပထမနှစ်ဝက်တွင် အမေရိကန်သို့ ဗီယက်နမ်ပုစွန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၃၀၃ သန်းရှိပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁ ရာခိုင်နှုန်း ကြီးထွားလာကြောင်း သိရသည်။ သို့သော် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် သင်္ဘောတင်ပို့မှု ကုန်ကျစရိတ်သည် မေလမှစ၍ ၄၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ အဆိုပါ အမေရိကန်စျေးကွက်တွင်လည်း ဗီယက်နမ်ပုစွန်သည် အီကွေဒေါ၊ အင်ဒိုနီးရှားနှင့်အိန္ဒိယ တို့၏ စျေးနှုန်းယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်းသိရသည်။ VASEP က အမေရိကန်မှ တင်သွင်းသူများသည် နှစ်ကုန် ပျော်ပွဲရွှင်ပွဲများအတွက် ဝယ်ယူမှုမြင့်တက်လာပါက ယခုနှစ်၏ တတိယသုံးလပတ်ကာလတွင် အမေရိကန်၏ ဗီယက်နမ် ပုစွန်ဝယ်လိုအား အနည်းငယ်မြင့်တက်နိုင်ရန် မျှော်လင့်ရကြောင်းပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ဂျပန်နိုင်ငံသို့ ပုစွန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၉ သန်းနှင့် တောင်ကိုရီးယားသို့တင်ပို့မှု အမေရိကန်ဒေါ်လာ ၁၄၉ သန်းဖြင့် ၃ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်းသိရသည်။ ဂျပန်တွင် ဗီယက်နမ်နိုင်ငံ၏ ထပ်ပေါင်းတန်ဖိုး ကုန်ပစ္စည်းများတင်ပို့မှုမှာ အိန္ဒိယနှင့်အီကွေဒေါကဲ့သို့သော အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ပိုမိုယှဉ်ပြိုင်နိုင်စွမ်း အသာရ နေကြောင်းသိရသည်။ ဥရောပသမဂ္ဂစျေးကွက်သို့ ပုစွန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၁၇ သန်းတန်ဖိုးရှိပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၃ ရာခိုင်နှုန်း မြင့်တက်ကာ ဒုတိယနှစ်ဝက်တွင်လည်း ဆက်လက်မြင့်တက်ရန် မျှော်လင့်ရသည်ဟု သိရသည်။ သို့သော် အခြားနိုင်ငံများနှင့် စျေးနှုန်းယှဉ်ပြိုင်ရခြင်းနှင့်ရင်ဆိုင်နေရခြင်းအပြင် ဗီယက်နမ်ပုစွန်သည် ပုစွန်မွေးမြူရေး ကန်များတွင် ရောဂါဖြစ်ပွားခြင်းနှင့် ပြုပြင်ထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းမလုံလောက်ခြင်းစသည့် အခြားပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း VASEP က ပြောကြားခဲ့သည်။ VASEP က ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် ပုစွန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄ ဘီလီယံရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

Source: Vietnam Plus https://www.doca.gov.mm

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နယ်စပ်ဖြတ်ကျော် e-commerce ကုန်သွယ်မှုတွင် ခိုင်မာသောတိုးတက်မှုရရှိ

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် e-commerce ၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ယွမ် ၁ ဒသမ ၂၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၉၅ ဘီလီယံခန့်)ရှိကာ ယခင်နှစ်ကာလတူထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်ဆိုင်ရာအချက်အလက်များအရ သိရသည်။

နယ်စပ်ဖြတ်ကျော် e-commerce ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောက်ခွန်ရှင်းလင်းရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ရှေ့ပြေးဖုန်များ တည်ထောင်ခြင်းအပါအဝင် မူဝါဒပံ့ပိုးဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း၊ လာမည့်ကာလများတွင်လည်း တရုတ်နိုင်ငံအနေဖြင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများကို ပိုမိုလွယ်ကူချောမွေ့စေပြီး နယ်စပ်ဖြတ်ကျော် e-commerce ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရန်အတွက် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ Lyu Daliang မှ ပြောကြားခဲ့ကြောင်း သိရသည်။

Source: China's cross-border e-commerce trade posts solid growth - People's Daily Online

**ဒေါ်သင်းသင်းအောင်၊ စီးပွားရေးသံမှူး**

**ပေကျင်းမြို့**

https://myantrade.gov.mm/

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိသာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမုတ်ပိသာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးမုတ် ပိသာချိန် ၆၁,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးမုတ်ပိသာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်းသိရသည်။

"ပြီးခဲ့တဲ့ ဇွန်လပထမပတ်ကစပြီး ငါးမုတ်တွေ တင်ပို့အားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ်ပိသာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ငါးမုတ်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးမုတ်အပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် ငါးမုတ် ၁၀ ပိသာလျှင် ငွေကျပ် ၁၁၀,၀၀၀ ထိ ဈေးရရှိနေကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး၌ တစ်ရက်လျှင် ကုန်ပစ္စည်းမျိုးစုံတန်ချိန် ၅၀၀၀ ခန့် ရောင်းချနေရ



ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး၌ တစ်ရက်လျှင် ကုန်ပစ္စည်းမျိုးစုံ တန်ချိန် ၅၀၀၀ ခန့်ရောင်းချနေရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း သာမက အခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများနှင့်ကုန်စည်ပွဲရုံများ ဌာနမှသိရသည်။

သီရိမင်္ဂလာဈေးရှိ ဈေးရုံပေါင်း ၁၄ ရုံ၌ မှတ်ပုံတင်ထားသော ဆိုင်ခန်းပေါင်း ၂၉၅ ခန်းနှင့် ပျံကျဆိုင်ခန်းပေါင်း ၂၃၀၀ ကျော် ဖွင့်လှစ်ထားကာ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာသော ကုန်စိမ်း၊ ပန်း၊ သစ်သီးဝလံနှင့် ကွမ်းစသည့် ကုန်စည်ပစ္စည်းများကို နေ့စဉ်ရောင်းဝယ် ဖောက်ကားလျက်ရှိသည်။

“သီရိမင်္ဂလာဈေးကြီးမှာ တစ်ရက်ကို ကုန်ပစ္စည်းမျိုးစုံ တန်ချိန် ၅၀၀၀ လောက် ရောင်းချနေရပြီး အမှိုက်တန်ချိန်က ၈၀ ကနေ ၁၂၀ ကြားထွက်ရှိပါတယ်။ အဲဒီအမှိုက်တွေကိုသာ ပြောင်စင်အောင်မရှင်းလင်းဘူး ဆိုရင် ယင်ကောင်တွေပေါက်ပွားမယ်။ မလိုလားအပ်တဲ့ ကျန်းမာရေးပြဿနာတွေ ဖြစ်ပွားလာနိုင်ပါတယ်။ အဲဒီအတွက် အမှိုက်တွေကို အလုပ်သမားဦးရေ ၈၀ လောက်နဲ့ နေ့စဉ်ပြောင်စင်အောင် ရှင်းလင်းပြီး အမှိုက်စုရမယ့် နေရာအထိ ပို့ဆောင်နေပါတယ်” ဟု မရမ်းကုန်းခရိုင် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနဌာနခွဲမှူး ဦးဝေလင်းကပြောသည်။

ထို့ပြင် သီရိမင်္ဂလာဈေး၌ CCTV ကင်မရာအလုံး ၁၀၀ ကျော် တပ်ဆင်ထားပြီး ၂၄ နာရီစောင့်ကြည့်ကာ ထူးခြားဖြစ်စဉ်များ မဖြစ်ပေါ်စေရန် စောင့်ကြပ်လျက်ရှိကြောင်း၊ လက်ရှိသီရိမင်္ဂလာဈေးသို့ တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၃၅၀ ခန့် ဝင်ထွက်လျက်ရှိကြောင်းသိရသည်။

ဈေးအတွင်း ရောင်းဝယ်ဖောက်ကားချိန်ကို နံနက် ၄ နာရီမှ ည ၇ နာရီအထိ သတ်မှတ်ထားပြီး ယင်းအချိန်နောက်ပိုင်းတွင် ကုန်စည်ပစ္စည်းများတင်ဆောင်လာသော ကုန်တင်ယာဉ်များ ရောက်ရှိလာပါကလည်း ဝင်ရောက်ခွင့်ပြု ထားကြောင်း သိရသည်။

**Source: မြဝတီသတင်းစာ**

## ဖီးကြမ်းငှက်ပျောများ အရောင်းအဝယ်ကောင်းမွန်နေ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသထွက် ဖီးကြမ်းငှက်ပျောများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ငှက်ပျောစိုက်ပျိုးတောင်သူ ဦးကျော်ဆန်းထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျောများ ထွက်ရှိပြီး ဇူလိုင်လဆန်းပိုင်းကစတင်၍ အရောင်းအဝယ်ကောင်းမွန်လျက်ရှိခြင်းကြောင့် ငှက်ပျောစိုက်ပျိုး တောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်မှထွက်ရှိသည့် ငှက်ပျောသီးများတွင် ဖီးကြမ်းငှက်ပျောသည် ဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ငှက်ပျောဈေးကွက်ကိုစောင့်ကြည့်ပြီး ယခုနှစ်မိုးရာသီတွင် တောင်သူများက ငှက်ပျောစိုက်ပျိုးရေးကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း၊ ဖီးကြမ်းငှက်ပျောသည် ဈေးကွက်တွင် လူကြိုက်များပြီး အရောင်းသွက်ခြင်းကြောင့် ငှက်ပျောဈေးကွက်ပြန်လည်ကောင်းမွန်လာပြီး စိုက်ပျိုးသည့်တောင်သူများအပြင် ဖောက်သည်ဝယ်ယူပြီး တစ်ဆင့်ပြန်ရောင်းသည့် ဈေးသည်များလည်း အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ နှမ်း၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွန်း၊ ပဲကြီး၊ ပဲနောက်၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲသီးနှံနှင့် အခြားစားပင်သီးနှံမျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း၊ အချို့တောင်သူများက သီးနှံဝင်ငွေ ပိုမိုရရှိစေရန် ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျောတို့ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တီလားဖီးယားငါးပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက တီလားဖီးယားငါး ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက တီလားဖီးယားငါး ပိဿာချိန် ၅၂,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တီလားဖီးယားငါးပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင် ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက် အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဖီးယားငါးတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒါကြောင့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ကုန်သည်တွေပါ အလုပ်အကိုင်အဆင်ပြေနေပါတယ်။ အခုငါးဝယ်ယူမှုအားကောင်းလာလို့ အချို့ ငါးမွေးမြူသူတွေက ငါးအကောင်ရေ ထပ်တိုးမွေးမြူဖို့လုပ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုကပြောပြသည်။

ပန်းတနော်မြို့နယ်တွင် မွေးမြူသည့်တီလားဖီးယားငါးနှင့် သဘာဝအတိုင်းဖမ်းဆီးရရှိသည့် တီလားဖီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သော တီလားဖီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးရရှိနေကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## STOCK EXCHANGE (1.8.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 21 | 186,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,500 | 6,283 | 22,151,150 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 152 | 1,261,600 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 148 | 261,900 | 29,664,613 | 53,396 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 44 | 127,650 | 12,823,224 | 37,829 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 677 | 1,198,600 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,450 | -50 | -1.43% | 3,500 | 3,500 | 3,450 | 101 | 350,850 | 23,804,946 | 82,127 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 1st Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.39 | +0.18 | +0.04% | 411.65 | 412.39 | 411.27 | 7,426 | 25,538,650 | 8 | 777,853 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Aug. 2024

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

## Main Board

As of 1:00 pm, 1st Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

| MYANPIX | 412.39 ▲ 0.18 |
|---|---|
| Total Volume (shares) | 7,426 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,853 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 50 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 50 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,450 | ▼ 50 |